ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

(၁၃)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးစိုက်ရာ မြို့အသီးသီးတို့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ အခန်း(၆) ပုဒ်မ ၃၆(က)(ခ) တို့အရ ဖွဲ့စည်းနိုင်သော ရုံးခွဲများကို ပြဋ္ဌာန်းထားသော ဥပဒေပါရည်ရွယ်ချက်များ ထိရောက်အောင်မြင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအနေဖြင့် ကော်မရှင်ရုံးခွဲများ ဖွဲ့စည်းနိုင်ရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ အတွင်းရေးမှူး ဦးစန်းဝင်းက ကော်မရှင်အနေဖြင့် ဘဏ္ဍာငွေခွင့်ပြုနိုင်မှုနှင့် လုပ်ငန်းလိုအပ်ချက်များအပေါ် မူတည်ရွေးချယ်ပြီး နှစ်စဉ် ကော်မရှင်ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

( ခ ) ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်တွင် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် ဘက်စုံသုံး ခန်းမဆောင်ပါဝင်သော မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်စဉ် စီမံကိန်းများတွင် ရန်ပုံငွေရရှိရေးအတွက် ဦးစားပေးအစီအစဉ်ဖြင့် လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

( ဂ ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **မြန်မာ့အားကစားစွမ်းဆောင်ရည် တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် အားကစားဆိုင်ရာ အထူးကုဆရာဝန်များ၊ အားကစားကျွမ်းကျင် ဆေးဘက်ပညာရှင်များ မွေးထုတ်ပေးရန်** အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယ

ဝန်ကြီး ဒေါက်တာမြလေးစိန် က အားကစားဆေးပညာဖြင့် သိပ္ပံနည်းကျ လေ့လာဆန်းစစ်ပြီး မြန်မာ့အားကစားလောက တိုးတက်မြင့်မားရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားနိုင်ရန်အတွက် ဆက်လက်အကောင်အထည်ဖော် ကြိုးစားသွားရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဦးစိုးမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ဘောမိကျေးရွာအုပ်စု၊ ဂျိတ်လက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း၍ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဖွံ့ဖြိုးရေးအဖွဲ့သို့လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)များသို့လည်းကောင်း ပေးပို့ပြီး သဘောထားမှတ်ချက်များ တောင်းခံ၍ ပြန်ကြားချက် (ထောက်ခံချက်) ရရှိလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြ၍ ခွင့်ပြုချက် ရရှိပါက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာရှိ (၁၆)ခုတင်ဆံ့တိုက်နယ်ဆေးရုံကို (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပုံထွက် မကောင်းတော့သည့် လက်ရှိဓာတ်မှန်စက်ကို မော်ဒယ်ကောင်းမွန်သည့် ဓာတ်မှန်စက်ဖြင့် အမြန်ဆုံး အစားထိုးပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန် က လိုအပ်လျက်ရှိသော X-ray machine (100 mA)-(1)Unit အား ကုသရေးဦးစီးဌာန၏ (၁၇-၉-၂၀၁၈) ရက်စွဲပါစာအမှတ်၊ ကုသ/ဖြန့်ဖြူးရေး/၂၀၁၈(၈၃၃)ဖြင့် ထောက်ပံ့ပေးနိုင်ရေး အတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

(စ) ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်ရှိ မော်လမြိုင်လေယာဉ်ကွင်းကို နိုင်ငံတကာအဆင့်မီ လေယာဉ်ကွင်းအဖြစ် အဆင့်မြှင့်တင် ပြန်လည်တည်ဆောက်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေချမှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သို့မဟုတ် နိုင်ငံတော်မှ အခြားသော နိုင်ငံခြားလုပ်ငန်းရှင်ဖြင့်ဖြစ်စေ၊ ကုမ္ပဏီဖြင့်ဖြစ်စေ အကျိုးတူ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး က အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်သည့်စနစ် (Public Private Partnership-PPP) ဖြင့် နိုင်ငံတကာအဆင့်မီ လေဆိပ်အဖြစ် အဆင့်မြှင့်တင်နိုင်ရေးကို လုပ်ငန်းစဉ်များအတိုင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆ) ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၏ **ယနေ့ လူမှုကွန်ရက် စာမျက်နှာ (Facebook) ပေါ်တွင် ရေးသားအသုံးပြုကြသူများအနက် အချို့မှာ Account (၂)မျိုး၊ (၃)မျိုးသုံးပြီး ပုဂ္ဂိုလ်ရေး တိုက်ခိုက်ဆဲဆိုခြင်း၊ မိသားတစ်စု၊ မောင်နှင့်နှမ မဖတ်သင့်သည့် အလွန်ညစ်ညမ်းသောအသုံးအနှုန်းနှင့် အမနာပ ဝေဖန်ပုတ်ခတ် တိုက်ခိုက်လာခြင်း၊ ၎င်းကို Like လုပ်ပေးခြင်း၊ Comment ပေးခြင်း စသည်ဖြင့် အတင့်ရဲစွာ လုပ်ဆောင်လာကြခြင်းသည် ကြာလျှင် အရိုင်းကို အယဉ်မှတ်ထင်လာပြီး ဒီမိုကရေစီ ယဉ်ကျေးမှုတစ်ရပ်ဟုပင် လွဲမှားစွာ ခံယူထင်မြင် ကျင့်သုံးလာခြင်းမျိုး မဖြစ်စေရန်အတွက် သက်ဆိုင်ရာမှ ကန့်သတ်ထိန်းချုပ် တားမြစ်ပေးရန် သို့မဟုတ် အရေးယူပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး က ဆိုရှယ်မီဒီယာ အသုံးပြုရာတွင် လိုက်နာသင့်သည့်အချက်များ၊ သတိပြုရမည့်အချက်များကို ပြည်သူလူထုမှ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ဖြန့်ဝေခြင်း၊ မိုဘိုင်းတယ်လီဖုန်း သုံးစွဲမှုဆိုင်ရာ နည်းပညာများကို အသိပညာပေးဆွေးနွေးခြင်း၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပြပွဲများနှင့် လှုပ်ရှားမှုများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

**ဥပဒေကြမ်းဆွေးနွေးခြင်း**

၃။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးသည်။

**ဥပဒေကြမ်း တင်သွင်းခြင်း၊ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၄။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး က မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

၅။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုး (ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး)က မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၆။ အစည်းအဝေးကို ၁၁း၂၉ နာရီ အချိန်တွင် ရပ်နားပြီး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ၁၄-၁၂-၂၀၁၈ ရက်နေ့ (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**